MTSH Myanmar Thilawa SEZ Holdings Public Limited
Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

# အုပ်ချုပ်မှုဒါရိုက်တာအလုပ်မှအနားယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

ရက်စွဲ။ ။၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းဟန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် လူမှုရေးလုပ်ငန်းများတွင် ပိုမိုအချိန်ပေးဆောင်ရွက်နိုင်ရန် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့မှစတင်၍ စီမံအုပ်ချုပ်ရေးဆိုင်ရာ ရာထူးဖြစ်သည့် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်မှ နုတ်ထွက်မည်ဖြစ်ပြီး ကုမ္ပဏီဒါရိုက်တာအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့သည် အုပ်ချုပ်မှုဒါရိုက်တာအနေဖြင့် ဦးသိန်းဟန် တာဝန်ယူစဉ်ကာလအတွင်း လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းများအား အသိအမှတ်ပြု ကျေးဇူးတင်ရှိနေမည်ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်သည် လုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် စီမံအုပ်ချုပ်ရေး အဓိကရာထူးများတွင် Fulltime Professional Executive များဖြင့် အစားထိုးပြောင်းလဲ တာဝန်ပေးမည့်အစီအစဉ်အရ CEO တစ်ဦး အမြန်ဆုံးခန့်အပ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ခန့်အပ်ပြီးပါက အဆိုပါ CEO ၏ကိုယ်ရေးအချက်အလက်များအား ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့မတိုင်မီ အုပ်ချုပ်မှုဒါရိုက်တာရာထူးအား တာဝန်ဆက်ခံမည့် CEO အသစ်တစ်ဦးအား အစားထိုးခန့်အပ်နိုင်ခြင်းမရှိသေးပါက အုပ်ချုပ်ရေးယန္တရား စဉ်ဆက်မပျက် ဆက်လက် လည်ပတ်နိုင်ရန်အတွက် Interim Management Committee ကိုဖွဲ့စည်းထားပြီး Interim Management Committee အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးအောင်စိုးသာမှ ကြားကာလအတွင်း ယာယီတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အောင်စိုးသာ

ဒါရိုက်တာအဖွဲ့ဝင်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်